**ရောဝတီမြစ်ဆုံ၊ မြစ်ညှာ၊ မြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်းရပ်တန့်ရန် အင်ဂျန်ယန်မြို့နယ်တွင်**
**နေထိုင်သော ဒေသခံပြည်သူလူထု၏ သဘောထားထုတ်ပြန်ချက်။**
**ရက်စွဲ- ၂၇. ၁၀.၂၀၁၆**

၂၀၁၆ခုနှစ်၊ အောက်တိုဘာလ(၂၅-၂၆) ထိ အင်ဂျန်းယန်မြို့နယ်၊ မဖွပ်ယန်ကျေးရွာတွင် ရောဝတီမြစ်ဆုံ မြစ်ညှာ၊ မြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်းနှင့် ပတ်သက်၍ ဒေသခံပြည်သူရပ်မိရပ်ဖများ (၁၀၉)ဦး ပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲကို အောင်မြင်စွာ ပြုလုပ်ခဲ့ပါသည်။

၁။ ရောဝတီမြစ်ဆုံ၊ မြစ်ညှာ၊ မြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်းရပ်တန့်ရန် ဒေသခံပြည်သူများမှ နိုင်ငံတော်သမ္မတကြီးထံသို့ (၂၇.၁၀.၂၀၁၆) ရက် နေ့စွဲဖြင့် အိတ်ဖွင့်ပေးစာရေးသားပေးပို့သည်။

၂။ မေခမြစ်နှင့် မလိခမြစ် ဆုံဆည်းသော တြိဂံနယ်မြေ၊ အင်ဂျန်းယန်မြို့နယ်အတွင်းရှိ ကျေးရွာစုစုပေါင်း (၁၃၁) ရွာ၊ အိမ်ခြေ (၈,၀၀၀) ကျော် ရေနစ်မြုပ်သွားမည်ဖြစ်ပြီး၊ လူဦးရေ (၄၀,၀၀၀) ကျော် မိမိဒေသကို စွန့်ခွာ၍ ဆင်းရဲဒုက္ခနှင့် ပြောင်းရွှေ့ခံကြရမည်ဖြစ်သည်။

၃။ မူလတန်းကျောင်း စုစုပေါင်း (၂၇) ကျောင်း၊ အလယ်တန်းကျောင်း (၉) ကျောင်း၊ အထက်တန်းကျောင်း (၂) ကျောင်း၊ မူကြိုကျောင်း (၆၀) ကျောင်း၊ ယုံကြည်ကိုးကွယ်ရာ ခရစ်ယာန်ဘုရားရှိခိုးကျောင်း (၂၆၂) ကျောင်းနှင့် ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း (၃) ကျောင်း အပါအဝင် အစိုးရဌာနဆိုင်ရာရုံးများ၊ ပြည်သူ့ကျန်းမာရေးဆေးရုံနှင့် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းများ နစ်နာဆုံးရှုံးသွားမည်ဖြစ်သည်။

၄။ နှစ်ပေါင်းများစွာ မိရိုးဖလာ လုပ်ကိုင်စားသောက်လာခဲ့သော လယ်ယာမြေ၊ ရာသီပေါ်သီးနှံဥယာဉ်ခြံ မြေများနှင့် နှစ်ရှည်ပင်စိုက်ခင်းများ ရေအောက်နစ်မြုပ်သွားမည် ဖြစ်ပြီး၊ ဒေသခံလူထု၏ အိမ်မွေး တိရိစ္ဆာန်များအတွက် စားကျက်မြေများပျောက်ဆုံးသွားကာ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ ထိခိုက်နစ်နာဆုံးရှုံးသွားမည်ဖြစ်သည်။

၅။ မြစ်ဆုံ၊ မြစ်ညှာမြစ်ဝှမ်းတစ်လျှောက်ရှိ တန်ဖိုးမဖြတ်နိုင်သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သစ်တောများ၊ ဆေးဘက်ဝင်သစ်ဥသစ်ဖုများ၊ ရေပေါ်ရေအောက် သဘာဝအရင်းအမြစ်များ၊ ငါးမျိုးစိတ်များ၊ သားရိုင်းတိရိစ္ဆာန်များ ဆုံးရှုံးပျောက်ကွယ်သွားမည်ဖြစ်သည်။

၆။ တိုင်းရင်းသားနယ်မြေများတွင်ဖြစ်ပွားနေသော ပဋိပက္ခများကို တွန်းအားပေးသော စီမံကိန်းများအားလုံး နှင့်သဘာဝသယံဇာတအရင်းအမြစ်ထုတ်ယူသုံးစွဲမှုများကို နိုင်ငံရေးအရဖြေရှင်းနိုင်မှုမရှိသေးသ၍ ရပ်တန့်ထားရမည်။

၅။ ဒေသခံပြည်သူများသဘောထား ဆန္ဒဆုံးဖြတ်ချက်မပါသော၊ ပွင့်လင်းမြင်သာမှုမရှိသော ရောဝတီ မြစ်ဆုံ၊ မြစ်ညှာမြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်းများ အားလုံးကို ရပ်ဆိုင်းရမည်။

<u>ဆက်သွယ်ရန်</u>

**မလိအင်မိုင်(MRJ) အဖွဲ့**
(၁) ဦးဘရန်ရှောင် - ၀၉ ၂၅၄၆၂၇၃၄၄
(၂) ဒေါ်ဘောက်ဂျာ - ၀၉ ၄၅၄၃၃၆၉၀၃
(၃) ဒေါ်ဂျာခေါ်န် - ၀၉ ၉၂၅၈၈၄၂၅၉၃/ ၀၉ ၄၇၀၂၀၀၂၈